# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 2, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက် (အင်္ဂါနေ့)

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများမြင်တွေ့နေရ

စာမျက်နှာ ၁




အစ္စရေး - အီရန် - အမေရိကန် ပဋိပက္ခ၏ ရွှေဈေး၊ ငွေဈေးနှင့် ရေနံဈေးများအပေါ် ရိုက်ခတ်မှု

စာမျက်နှာ ၈



အမေရိကန်နိုင်ငံက အီရန်နျူကလီးယား စက်ရုံများကို တိုက်ခိုက်ပြီးနောက် ငါးလအတွင်း ရေနံဈေးနှုန်း အမြင့်ဆုံးသို့ရောက်ရှိ

စာမျက်နှာ ၂၁



ရုရှားနိုင်ငံက ၂၀၂၅ ခုနှစ်တွင် နိုင်ငံသုံးနိုင်ငံနှင့် ဗီဇာလိုအပ်ချက်ကို ဖျက်သိမ်းရန် စီစဉ်ထား

စာမျက်နှာ ၂၇



# သတင်းများ


| | | |
|---|---|---|
| ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများမြင်တွေ့နေရ | ရုရှားသတင်းမီဒီယာ | ၁ |
| ရုရှား - မြန်မာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အကာအကွယ်ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး | ရုရှားသတင်းမီဒီယာ | ၂ |
| “မိမိတို့တွေ့ဆုံဆွေးနွေးမှုမှ ဥရောပအာရှစီးပွားရေး သမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏ တိုးတက်စေရန် ရည်ရွယ်ကြောင်း” Mr. Eldar Alisherov ပြောကြား | ရုရှားသတင်းမီဒီယာ | ၃ |
| ၂၀၂၅ စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်က မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေ | ရုရှားသတင်းမီဒီယာ | ၅ |
| အစ္စရေး - အီရန် - အမေရိကန် ပဋိပက္ခ၏ ရွှေဈေး၊ ငွေဈေးနှင့် ရေနံဈေးများ အပေါ်ရိုက်ခတ်မှု | ဒေါက်တာခင်ဆွေဦး (UMO) | ၈ |
| U.S Steel နှင့် Nippon Steel တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ထရမ့်အတည်ပြု | ဒေါ်ဇေသန့် (DICA) | ၁၀ |
| ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ၂.၃ ရာခိုင်နှုန်းသို့ ကမ္ဘာ့ဘဏ်က လျှော့ချ | ဒေါ်ဇူလီလီဝင်း (DICA) | ၁၂ |
| ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ အောင်မြင်မှုတွင် အရေးပါသော ဖြစ်နိုင်ချေရှိသည့် အန္တရာယ်များ ဆန်းစစ်ခြင်း | ဒေါ်ခင်သီတာဇင် (DICA) | ၁၄ |

# သတင်းများ


| | | |
|---|---|---|
| တရုတ်နိုင်ငံသည် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအတွက် အကောက်ခွန် ကင်းလွတ်ခွင့်မူဝါဒ (zero-tariff policy) ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ဒေါ်ဟေမာန်ခိုင်ဝင်း (FERD) | ၁၅ |
| အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေး တင်းမာမှု လျော့ကျခြင်းကြောင့် စတော့စျေးကွက် မြင့်တက်လာပြီး အမေရိကန်ငွေကြေးဖောင်းပွမှုလျော့နည်းလာ | ဒေါ်ဟေမာန်ခိုင်ဝင်း (FERD) | ၁၇ |
| ၂၀၂၀ ပြည့်နှစ်များသည် ၁၉၆၀ ပြည့်နှစ်များနှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း အနှေးကွေးဆုံး ဆယ်စုနှစ် ဖြစ်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်း | ဦးနိုင်မင်းထွန်း (FERD) | ၁၉ |
| အမေရိကန်နိုင်ငံ အီရန်နျူကလီးယား စက်ရုံများကို တိုက်ခိုက်ပြီးနောက် ငါးလအတွင်း ရေနံစျေးနှုန်း အမြင့်ဆုံး သို့ရောက်ရှိ | ဒေါ်ခိုင်သဇင် (FERD) | ၂၁ |
| ကုန်သွယ်ရေးစစ်ပွဲ မငြိမ်သက်မှုများကြောင့် တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းများ၌ နှေးကွေးမှုများ ဖြစ်ပေါ်နေသော်လည်း တရုတ်နိုင်ငံ၏ လက်လီရောင်းချမှုများ မြင့်တက်လျက်ရှိ | ဒေါ်နွယ်နွယ်ဝင်း (UMO) | ၂၃ |
| ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် အာဆီယံ စိတ်အားထက်သန်ခြင်းမရှိဟု အိန္ဒိယပြောကြား | ဒေါ်ဟေမာန်ခိုင်ဝင်း (FERD) | ၂၅ |
| ရုရှားနိုင်ငံက ၂၀၂၅ ခုနှစ်တွင် နိုင်ငံသုံးနိုင်ငံနှင့် ဗီဇာလိုအပ်ချက်ကို ဖျက်သိမ်းရန် စီစဉ်ထား | ရုရှားသတင်းမီဒီယာ | ၂၇ |

# ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများမြင်တွေ့နေရ

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် တစ်ခုကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့ပြီး တောင်အာရှနိုင်ငံတွင် ရုရှားစွမ်းအင်ကုမ္ပဏီများအတွက် အခွင့်အလမ်းသစ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။



**"ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရုရှားကုမ္ပဏီများအား ဆွဲဆောင်ရန် မြန်မာဘက်၏ အဆင်သင့်ဖြစ်မှုကို အထူးသတိပြုမိကြောင်း"** ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Mr. Maxim Reshetnikov က စိန့်ပီတာစဘတ်မြို့ တွင် မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ပြောကြားခဲ့ပါသည်။

သဘောတူစာချုပ်သည် ၆၆၀ မဂ္ဂါဝပ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြန်မာနိုင်ငံ၊ ထားဝယ်အထူးစီးပွားရေးဇုန် အပါအဝင် စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ပေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင်  နိုင်ငံတော် တာဝန်ကိုရယူခဲ့သော မြန်မာ့တပ်မတော်အစိုးရနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးကို တည်ဆောက်လျက်ရှိသည်။

ကုလသမဂ္ဂ၏အဆိုအရ ပြည်တွင်းပဋိပက္ခများ၊ စီးပွားရေးဆုတ်ယုတ်မှုနှင့် စားနပ်ရိက္ခာ လိုအပ်မှုတို့ ဖြစ်ပွားလျက်ရှိပြီး နိုင်ငံ့လူဦးရေ ၅၅ သန်း၏ သုံးပုံတစ်ပုံမှာ အကူအညီ အထောက်အပံ့များ လိုအပ်လျက်ရှိပါသည်။

တပ်မတော် အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် အသေးစား နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုသို့လက်မှတ်ရေးထိုးခြင်းမပြုမီ ဖေဖော်ဝါရီလက ထားဝယ်စီးပွားရေးဇုန်တွင် ဆိပ်ကမ်းနှင့် ရေနံချက်

စက်ရုံ တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ပါသည်။

သဘောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်သည် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ၊ သတ္တုစိုက်ပျိုးရေးနှင့်ဆက်သွယ်ရေး ကဏ္ဍများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည်ဟု ရုရှားအစိုးရက ပြောကြားခဲ့ပါသည်။

Source : စိန့်ပီတာစဘတ်မြို့၊ ဇွန်လ ၂၀ ရက်နေ့ (ရိုက်တာသတင်းဌာန)

---

## ရုရှား-မြန်မာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အကာအကွယ်ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

**“ဒီသဘောတူစာချုပ်က မြန်မာနိုင်ငံရှိရုရှားစီးပွားရေးလုပ်ငန်းများအတွက် အလားအလာအသစ်တွေကို ယူဆောင်ပေးပါတယ်”** ဟု Mr. Maksim Reshetnikov က ပြောကြားခဲ့ပါသည်။




ရုရှားနှင့် မြန်မာနိုင်ငံတို့သည် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ် ကျင်းပစဉ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါစာချုပ်ကို ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Mr. Maksim Reshetnikov နှင့် မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပါသည်။

သဘောတူစာချုပ်အသစ်သည် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ရန်အတွက် ဥပဒေအရ အခြေခံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခွဲခြားဆက်ဆံမှုမရှိသောဝန်းကျင်ကို ဖြစ်ပေါ်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ခေတ်မီလုပ်ငန်းစဉ်များကို သေချာစေခြင်းအပြင် နိုင်ငံတကာခုံရုံးသို့ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်တို့ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နှစ်ဖက်အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အရှိန်အဟုန်မြှင့်တင်

ပေးမည်ဖြစ်ပါသည်။

**"ယခုသဘောတူစာချုပ်သည် မြန်မာနိုင်ငံရှိ ရုရှားစီးပွားရေး လုပ်ငန်းများ အတွက် အလားအလာသစ်များ ယူဆောင်ပေးပါတယ်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုရှားကုမ္ပဏီများပါဝင်ရန် မြန်မာနိုင်ငံရဲ့ဆန္ဒကို အထူးသတိပြုမိပါတယ်။ ရုရှားနည်းပညာနှင့် ကျွမ်းကျင်မှုများဟာ မြန်မာ့စွမ်းအင် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်နိုင်မှာဖြစ်ပါတယ်"** ဟု Mr. Maksim Reshetnikov က စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ပြောကြား ခဲ့ပါသည်။

ထို့ပြင် သဘောတူစာချုပ်သည် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက် အအုံ၊ သတ္တု၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဲ့သို့ အလားအလာရှိသော နယ်ပယ် များတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အခြေအနေကောင်းများ ဖန်တီးပေးမည် ဖြစ်ပါသည်။ ယခုစာချုပ်သည် နှစ်ဖက် လိုအပ်သောပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးပါက အသက်ဝင်မည်ဖြစ်ပါသည်။

Source : စိန့်ပီတာစဘတ်မြို့၊ ဇွန်လ ၂၀ ရက်နေ့၊TASS သတင်းဌာန

---

## “မိမိတို့တွေ့ဆုံဆွေးနွေးမှုမှ ဥရောပအာရှစီးပွားရေး သမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏ တိုးတက်စေရန် ရည်ရွယ်ကြောင်း” Mr. Eldar Alisherov ပြောကြား



ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံ တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်း အဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေး၌ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဦးစားပေး ကိစ္စရပ် များအား ဆွေးနွေးခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးအဖြစ် မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်၊ မေခရို (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး Mr. Eldar Alisherov တို့က ဦးဆောင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာသူများက ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ယှဉ်ပြိုင်မှုမူဝါဒနှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။




**"ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စည်းမျဉ်းစည်းကမ်းများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းသည် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် လာစေရန်ရည်ရွယ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏ သုံးဆတိုးမြင့်လာကြောင်း"** Mr. Eldar Alisherov က ပြောကြားခဲ့ပါသည်။

ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွယ်ချက်များမှာ အပြန်အလှန် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၏ တိုးမြှင့်ရေးနှင့် လုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးရန်လိုအပ်သော စီးပွားရေးဆိုင်ရာ အခက်အခဲများကို သတ်မှတ်ခြင်းတို့ ဖြစ်ကြောင်း ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရို (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ အဓိက ကုန်သွယ်ရေးနှင့် စီးပွားရေးပေါင်းဆုံရာ နေရာတစ်ခုဖြစ်ပြီးနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂနှင့် အာဆီယံတို့အကြား လိုအပ်သော 'ပေါင်းကူးတံတား' ဖြစ်သောကြောင့် ဥရောပအာရှစီးပွားရေးကော်မရှင်၏ ဆွေးနွေးမှုများမှတစ်ဆင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ကြိုတင်မျှော်မှန်းနိုင်ပါသည်။

နိုင်ငံအားလုံးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးမှုသည် အရေးပါကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု၊ အီလက်ထရွန်နစ် ကုန်သွယ်မှု၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖလှယ်ရေးနှင့် မြန်မာ့အထူးစီးပွားရေးဇုန်များအတွင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို အလေးထားပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌတို့တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဥရောပအာရှစီးပွားရေးကောင်စီနှင့် မြန်မာနိုင်ငံ၊

သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းတို့အကြား တရားဝင်တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် ဥရောပအာရှ စီးပွားရေးသမဂ္ဂနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေး လုပ်ငန်းရှင်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။

ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးကို ၂၀၂၆ ခုနှစ်တွင် ကျင်းပမည် ဖြစ်ပါသည်။

Source : ဥရောပအာရှစီးပွားရေး ကော်မရှင်သတင်းလွှာ၊ ဇွန်လ ၁၉ ရက်နေ့

---

## ၂၀၂၅ စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်က မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေ

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် ကျင်းပသည့် ကာလအတွင်း ၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့သည် ရုရှား - မြန်မာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးသည့် အချက်အခြာနေရာ ဖြစ်လာခဲ့ပါသည်။



မြန်မာဘက်၏ ဦးစီးဆောင်ရွက်မှု၊ စိန့်ပီတာစဘတ်မြို့ ပြည်ပဆက်ဆံရေး ကော်မတီနှင့် စက်မှုမူဝါဒ၊ ဆန်းသစ်တီထွင်မှုနှင့် ကုန်သွယ်မှု ကော်မတီတို့၏ ပံ့ပိုးကူညီမှုဖြင့် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စိန့်ပီတာစဘတ် စီးပွားရေးလုပ်ငန်း/ အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှုကို စိန့်ပီတာစဘတ် ပို့ကုန်အထောက်အကူပြုရေးစင်တာ၌ ကျင်းပခဲ့သည်။ စိန့်ပီတာစဘတ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက တွေ့ဆုံဆွေးနွေးမှု ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုသို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက် တက်ရောက်ခဲ့ပါသည်။

**"ယခုတွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်လိုသည့်ဆန္ဒကို ဖော်ပြလျက်ရှိပါသည်။ အထူးသဖြင့် ဆေးဝါး၊ ဆောက်လုပ်ရေးနှင့် မြန်မာနိုင်ငံသို့ မြေသြဇာတင်ပို့ခြင်းကဲ့သို့သော နယ်ပယ်များတွင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန် အလားအလာကောင်းများကို**

**မြင်တွေ့နေရပါသည်။ ရုရှားနိုင်ငံ၏ ထိပ်တန်းစီးပွားရေးနှင့် စက်မှု အချက်အခြာ နေရာ တစ်ခုဖြစ်သည့် စိန့်ပီတာစဘတ်မြို့သည် မြန်မာနိုင်ငံရှိ မိတ်ဖက်များနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း အတွေ့ အကြုံများကို မျှဝေရန်နှင့် များစွာသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကမ်းလှမ်း ရန်အဆင်သင့်ရှိပါသည်။ ပူးပေါင်းကြိုးပမ်းမှုများမှ တစ်ဆင့် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုတွင် ပိုမိုမြင့်မားသည့်အဆင့်သို့ တက်လှမ်းကာ နှစ်နိုင်ငံ ကြီးပွားတိုး တက်မှု အတွက်သိသာထင်ရှားသော အထောက်အပံ့ကောင်းများပေးစွမ်းနိုင်မည် ဟု ယုံကြည်ပါသည်။”** ဟု စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေး ကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌ Mr. Vyacheslav Kalganov က ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာတွင် Mr. Vyacheslav Kalganov က စိန့်ပီတာစဘတ်မြို့သည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်အရေးပါမှုကို အလေး ထားပြောကြားခဲ့ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် စိန့်ပီတာ စဘတ်မြို့၌ ကျင်းပမည့် BRICS အဖွဲ့ဝင်နိုင်ငံများ၏ သတ္တမအကြိမ် နိုင်ငံတကာ မြူနီစီပယ်ဖိုရမ်သို့ ပါဝင်တက်ရောက်ရန် မြန်မာနိုင်ငံမှ မိတ်ဖက်များအား ဖိတ်ကြား ခဲ့ပါသည်။



တွေ့ဆုံဆွေးနွေးမှုသို့ စိန့်ပီတာစဘတ် စက်မှုမူဝါဒ၊ ဆန်းသစ်တီထွင်မှုနှင့် ကုန်သွယ်မှု ကော်မတီ၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ယှဉ်ပြိုင်မှုနှင့် ပို့ကုန်ဌာနခွဲ အကြီးအကဲ Mr. Taisiya Sidorenko နှင့် စိန့်ပီတာစဘတ် ပို့ကုန်အထောက် အကူပြုရေးစင်တာမှ ညွှန်ကြားရေးမှူးချုပ် Ms. Maria Ershova တို့ တက်ရောက် ခဲ့ပြီး စိန့်ပီတာစဘတ် စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံဈေးကွက်နှင့် အာဆီယံဈေးကွက်နှစ်ခုလုံးသို့ ဝင်ရောက်ရာတွင် အပြည့်အဝအကူအညီပေးရန် အဆင်သင့်ရှိကြောင်း အတည်ပြုပြောကြားခဲ့ပါသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးနှင့် နယ်ပယ်အသီးသီးတွင် ပူးတွဲစီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံဈေးကွက်တွင် စိန့်ပီတာစဘတ်မြို့မှ ပို့ကုန်ဦးစားပေး စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများကို အလေးထား ဆွေးနွေးခဲ့သည်။ စိန့်ပီတာစဘတ်မြောက်ပိုင်းရှိ ကုမ္ပဏီ ၇ ခုမှ ကိုယ်စားလှယ်များက ၎င်းတို့၏

လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဈေးကွက်သို့ မြေဩဇာ၊ ဓာတ်ငွေ့နှင့်အရည်များကို စုပ်ယူနိုင်သည့် ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် ကင်ဆာရောဂါရှာဖွေရေး နည်းပညာများ တင်ပို့ရန် အဆိုပြုခဲ့ပါသည်။

**"ယခုနှစ် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်တွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံအကြား ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည်"** ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က ပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုတွင် စိန့်ပီတာစဘတ်ကုမ္ပဏီများအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပြီး ယခုနှစ်စက်တင်ဘာလတွင် မြန်မာနိုင်ငံ၌ ပြုလုပ်မည့် ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်သို့ ဆောက်လုပ်ရေးအထူးပြုကုမ္ပဏီများ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးမှုသို့ တက်ရောက်ခဲ့သည့် My Country Foundation ၏ ဒုတိယဥက္ကဋ္ဌ (၁) က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တင်ပြသည့် ရုရှား-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများဆိုင်ရာ လေ့လာဆန်းစစ်မှု အစီရင်ခံစာကို မြန်မာဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် တက်ရောက်လာသူများသည် အဆက်အသွယ်များ ဖလှယ်ခဲ့ကြပြီး ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ဖော်ပြလျက် နှစ်ဖက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပုံမှန်ကျင်းပသွားရန်နှင့် ၂၀၂၆ ခုနှစ် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြပါသည်။

Source : စိန့်ပီတာစဘတ်အစိုးရ၊ ပြည်ပဆက်ဆံရေးကော်မတီသတင်းလွှာ၊ ဇွန်လ ၂၂ ရက်နေ့

## အစ္စရေး-အီရန်-အမေရိကန် ပဋိပက္ခ၏ ရွှေဈေး၊ ငွေဈေးနှင့် ရေနံဈေးများအပေါ် ရိုက်ခတ်မှု

အစ္စရေး-အီရန် ပဋိပက္ခနှင့် စပ်လျဉ်း၍ အီရန်နိုင်ငံဘက်မှ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်အား ပြတ်ပြတ်သားသား သတိပေးထားခဲ့သော်လည်း တစ်ဖက်၌မူ ရင်းနှီးမြှုပ်နှံသူများက အမေရိကန်ဘက်မှနေ၍ လောင်းကြေးထပ်ကြ သဖြင့် အမေရိကန်ဒေါ်လာကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံလျက်ရှိရာ အဓိကငွေကြေး များအကြား အမေရိကန်ဒေါ်လာသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ၀.၆ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ပါသည်။



ယင်း၏ အကျိုးဆက်အနေဖြင့် ရွှေဈေးနှင့် စပ်လျဉ်း၍ နယူးယောက် ရွှေဈေးသည် အနည်းငယ် အေးသွားခဲ့သော်လည်း ကျွမ်းကျင် ပညာရှင်များက လတ်တလောတွင် ရွှေဈေးစံချိန်အသစ် တင်နိုင်မည် မဟုတ်ဟု ခန့်မှန်းလျက်ရှိကြပါသည်။ အမေရိကန် ဒေါ်လာဈေး မြင့်တက်လာသဖြင့် ရွှေဈေးအေး သွားခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါကိစ္စရပ်အပေါ် အလေးထား စောင့်ကြည့်လျက် ရှိပါသည်။

1003 GMT တွင် နယူးယောက် ရွှေလက်ငင်းဈေးသည် ၀.၁ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သဖြင့် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃,၃၆၅.၂၉ သို့ ရောက်ရှိ ခဲ့ပြီးအမေရိကန် ရွှေကြိုပွဲငွေ့ ဈေးသည်လည်း ၀.၁ရာခိုင်နှုန်းသို့ လျော့ကျခဲ့ရာ အမေရိကန်ဒေါ်လာ၃,၃၈၀.၃၀ သို့ ရောက်ရှိခဲ့ပါသည်။ ထို့အတူ ငွေချောင်းဈေး သည်လည်း ၀.၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၆.၁၄ သို့ ရောက်ရှိ ခဲ့ပါသည်။




ထို့အပြင် အီရန်၏ နျူကလီးယားစခန်းများအား အမေရိကန်နိုင်ငံဘက်မှ အလေးချိန် ပေါင် ၃ သောင်းရှိသည့် ဘန်ကာဖျက်ဗုံးများဖြင့် တိုက်ခိုက်ခဲ့သည့်အပေါ် အီရန်ဘက်မှ အမေရိကန်အား လက်တုံ့ပြန်မည့် အလားအလာများ ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြပါသည်။

အီရန်နိုင်ငံအနေဖြင့် အဆိုပါနျူကလီးယားစက်ရုံ ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂထံ တောင်းဆိုထားပြီး အီရန်နိုင်ငံနှင့် အစ္စရေး နိုင်ငံတို့အကြား ဇွန်လ ၂၃ ရက်က အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်

လုပ်ဆောင်လျက်ရှိပါသည်။

အီရန်နိုင်ငံအပေါ် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းတိုက်ခိုက်ခဲ့ပြီးနောက် တင်းမာမှုများသည် အရှေ့အလယ်ပိုင်းဒေသကိုသာမက အခြားဒေသများကိုပါ သက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဗြိတိန်ဝန်ကြီးချုပ် စတာမာက ပြောကြားခဲ့ပါသည်။ အဆိုပါ တိုက်ခိုက်မှုများသည် ကမ္ဘာ့စီးပွားရေးအပေါ် ကြီးမားသည့် သက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟုလည်း ဗြိတိန်ဝန်ကြီးချုပ်က ထပ်မံပြောကြားခဲ့ပါသည်။



အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးသည် အီရန်နိုင်ငံဘက်မှ ဟော့မုဇ်ရေလက်ကြား ပိတ်ပင်မည်ကို စိုးရိမ်သည့်အတွက် တရုတ်နိုင်ငံအား အီရန်နိုင်ငံဘက်မှ ဟောမုဇ်ရေလက်ကြား ပိတ်ပင်မှု မပြုလုပ်စေရေး တားဆီးပေးရန် တိုက်တွန်း တောင်းဆိုခဲ့ပါသည်။ အဆိုပါရေလက်ကြားသည် ကမ္ဘာတွင် အဓိကအရေးကြီးသည့် ကုန်စည်သင်္ဘောများ ဖြတ်သန်းရာ လမ်းကြောင်းလည်းဖြစ်သဖြင့် အဆိုပါ ရေလက်ကြားကို အီရန်နိုင်ငံက ပိတ်ပင်ခဲ့မည်ဆိုပါက ရေနံတင်ပို့မှုများ ကမောက်ကမ ဖြစ်လာနိုင်ပြီး ရေနံဈေးနှုန်းများမြင့်တက်လာနိုင်ဖွယ်ရှိပါသည်။

Source: https://www.reuters.com/world/india/gold-subdued-dollar-gains-marke__ts-await-iran-response-2025-06-23/

ဒေါက်တာခင်ဆွေဦး<br>
လက်ထောက်အတွင်းဝန်<br>
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>
ပြည်ထောင်စုဝန်ကြီးရုံး

## U.S Steel နှင့် Nippon Steel တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ထရမ့်အတည်ပြု

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က US Steel နှင့် Nippon Steel တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို အတည်ပြုခဲ့ကြောင်း ယင်းကုမ္ပဏီများက ၁၃-၆-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အမေရိကန်၏ သံမဏိပြုလုပ်မှုနှင့် ထုတ်လုပ်မှုကို ပြန်လည်ကောင်းမွန်လာစေရေး ကတိကဝတ်များကို အကောင်အထည်ဖော်ရန် ၎င်းတို့အနေဖြင့် မျှော်လင့်နေကြောင်း ကုမ္ပဏီများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ သံမဏိထုတ်လုပ်သူများသည် အမေရိကန်အစိုးရ နှင့်အမျိုးသား လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြထားပါသည်။

အပြီးသတ်ပူးပေါင်းဆောင်ရွက်မှုသည် ယခုနှစ်အစောပိုင်းတွင် သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ ပိတ်ဆို့မှုအပါအဝင် ယခင် နှစ်ဖက်အတိုက်အခံများက ဆန့်ကျင်ခဲ့သည့် သဘောတူညီချက်ကို ချုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် ထရမ့်သည် သမ္မတတာဝန်ယူပြီးနောက် ၎င်းအနေဖြင့် အတိုက်အခံနေရာမှ နုတ်ထွက်ခဲ့ပြီး တစ်ချိန်က အရည်အသွေးကောင်းမွန်ခဲ့သည့် အမေရိကန်သံမဏိ၏ ပြန်လည် ကောင်းမွန်လာသော အခြေအနေကို နိုင်ငံတစ်ဝန်းမြင်တွေ့လိုကြောင်း ပြောကြားခဲ့ပါသည်။ အိမ်ဖြူတော်၏ ပြောရေးဆိုခွင့်ရှိသူ Kush Desai က သမ္မတထရမ့်အနေဖြင့် အမေရိကန်၏ သံမဏိလုပ်ငန်းနှင့် အမေရိကန်၏ အလုပ်အကိုင်များကိုပါ ကာကွယ်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ပြီး နောက်အဆိုပါ ကတိအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်း၏ကြေညာချက်တွင် ဖော်ပြခဲ့ပါသည်။ ထို့ပြင် အဆိုပါထုတ်ပြန်ချက်သည် US Steel အနေဖြင့် Pennsylvania ဓနသဟာယပြည်နယ်တွင် သက်ရောက်မှုရှိမည်ဖြစ်ပြီး အမေရိကန်၏ အမျိုးသားရေးနှင့် စီးပွားရေးဆိုင်ရာလုံခြုံရေးတို့အတွက် အရေးပါသော အစိတ်အပိုင်းအဖြစ် အကာအကွယ် ပေးနိုင်မည်ဖြစ်ပါသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာသဘောတူညီချက်သည် ၂၀၂၈ ခုနှစ် နောက်ပိုင်း အပြီးသတ်ဆောင်ရွက်မည့် Greenfield စီမံချက်တွင်ပါဝင်သော ကနဦး ရင်းနှီးမြှုပ်နှံမှုအပါအဝင် ၂၀၂၈ ခုနှစ်တွင် ဆောင်ရွက်မည့် ဒေါ်လာ ၁၁ ဘီလီယံခန့်ရှိသော ရင်းနှီးမြှုပ်နှံမှုအသစ်များပါဝင်ကြောင်း ကုမ္ပဏီများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

သဘောတူညီချက်တွင် အမေရိကန်အစိုးရအနေဖြင့် မိတ်ဖက်ကုမ္ပဏီက မည်သို့ဆောင်ရွက်ရမည်ဟု ပြောဆိုနိုင်မည့် **"အခွင့်အာဏာပိုင်ဆိုင်သော ရှယ်ယာ**

**အစု”** အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ ကတိကဝတ်များလည်း ပါဝင်ပါသည်။ US Steel ၏ ရှယ်ယာများသည် ပြီးခဲ့သည့် သောကြာနေ့ က ၅ ရာခိုင်နှုန်း တက်သွား ခဲ့သည်။

ထရမ့်သည် လွန်ခဲ့သည့် ရက်သတ္တပတ် ၂ ပတ်က Pennsylvania သို့ သွားရောက်ခဲ့ပြီး ကုမ္ပဏီနှစ်ခုအကြား သဘောတူညီချက်အပေါ် ဂုဏ်ပြုသည့် အနေဖြင့်သံမဏိလုပ်သားများ၊ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများစွာ၏ ရှေ့မှောက်တွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။ ၎င်းက မိမိတို့အနေဖြင့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကနဦး အစကတည်းက စောင့်ကြည့်လျှင် သိနိုင်ပါကြောင်း၊ အမေရိကန်ကုမ္ပဏီတစ်ခု ဆက်လက်ရပ်တည်နိုင်ရန်အတွက် အတားအဆီးကို ဖြိုဖျက်နိုင်ခဲ့သည့် သဘောတူညီချက်အတွက် အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုလိုပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောဆိုခဲ့ပါသည်။




အဆင့်မြှင့်တင်ရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘောတူညီချက်ပါ လုပ်ငန်းတို့ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက US Steel က ၎င်း၏ စက်ရုံဟောင်းအချို့ကို ပိတ်သိမ်းမည်ဖြစ်ကြောင်း သတိပေးထားသည်။ အမေရိကန် သံမဏိအလုပ်သမားများသမဂ္ဂ (United Steelworkers – USW Union) သည် Nippon Steel ၏ ကာလရှည် ရည်မှန်းချက်ဖြစ်သည့် တက်ဆက်စ်ပြည်နယ်တွင် သမဂ္ဂမပါဝင်သောစီမံခန့်ခွဲမှုများအောက်တွင် ထုတ်လုပ်မှုဆောင်ရွက်ခြင်း သို့မဟုတ် ဂျပန်နိုင်ငံမှ သံမဏိများ တင်သွင်း၍ အမေရိကန်နိုင်ငံအတွင်း ကုန်ချောထုတ်လုပ်ခြင်းတို့ဖြင့် US Steel တွင် အတူပူးပေါင်းထုတ်လုပ်ခြင်းကို အပြီးသတ်ဆောင်ရွက်ခြင်းကို စိုးရိမ်လျက်ရှိသည်။ သို့ရာတွင် Nippon Steel အနေဖြင့် US Steel နှင့် ချုပ်ဆိုထားသော စာချုပ်ကို လေးစားလိုက်နာရန်နှင့် Pennsylvania နှင့် Indiana ပြည်နယ်များရှိ အကျိုးတူပူးပေါင်းသည့် စက်ရုံများတွင် ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန် ကတိကဝတ်ပြုထားပါသည်။

သို့ရာတွင် US Steel သည် ၎င်း၏ အောင်မြင်ဆုံးအချိန်ကာလကတည်းက သိသာစွာ ကျဆင်းလာသည့် အနေအထားဖြစ်ခဲ့သည်။ US Steel အနေဖြင့် USW အဖွဲ့ဝင် ၁၁,၀၀၀ ဦး အပါအဝင် အမေရိကန်လုပ်သား ၁၄,၀၀၀ ဦးဖြင့်သာလည်ပတ်နေရသည့်အတွက် အမေရိကန်၏ အကြီးမားဆုံးသော သံမဏိထုတ်လုပ်သူအဖြစ် ဆက်လက်မရပ်တည်နိုင်မည့်အခြေအနေဖြစ်ပါသည်။

U.S Steel နှင့် Nippon Steel တို့၏ ပူးပေါင်းဆောင်ရွက်မှုသည်

အမေရိကန်နှင့် ဂျပန်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေပြီး နှစ်နိုင်ငံအကြားစက်မှုမူဝါဒများကိုလည်းလိုက်လျောညီထွေရှိလာစေမည့် အလားအလာများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာ့စက်မှု အင်အားကြီးနိုင်ငံ ၂ ခု၏ပူးပေါင်းဆောင်ရွက်မှုကြောင့် သံမဏိလုပ်ငန်းကဏ္ဍတွင်လည်း ကမ္ဘာ့အကြီးဆုံးသော သံမဏိထုတ်လုပ်မှုအဖြစ် တိုးတက်ဖြစ်ပေါ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြထားပါသည်။

Source: https://edition.cnn.com/2025/06/13/business/us-steel-nippon-trump-deal

ဒေါ်ဧသေနံ့
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ၂.၃ ရာခိုင်နှုန်းသို့ ကမ္ဘာ့ဘဏ်ကလျှော့ချ

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကမ္ဘာ့ဘဏ် (World Bank) က ထုတ်ပြန်သော **"Global Economic Prospects"** အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ယခင် ၂.၇ % မှ ၂.၃ % သို့ လျှော့ချလိုက်သည်။

ကမ္ဘာ့ဘဏ်သည် ၎င်း၏ တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ပြန်သော Global Economic Prospects (ကမ္ဘာ့စီးပွားရေးလေ့လာမှုအစီရင်ခံစာ) တွင် အမေရိကန်၊ တရုတ်၊ ဥရောပနှင့် ဖွံ့ဖြိုးလာသော ဈေးကွက်ဒေသခြောက်ခုအပါအဝင် နိုင်ငံ ၇၀ ရာခိုင်နှုန်းခန့်၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်များကို လျှော့ချခဲ့သည်။

၎င်းခန့်မှန်းချက်များသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် (Donald Trump) အစိုးရ မတိုင်မီက ခန့်မှန်းထားခဲ့သောအဆင့်များထက် နိမ့်ကျသွားခြင်း ဖြစ်သည်။

ထရမ့်၏ ကမ္ဘာ့ကုန်သွယ်ရေးကို တစ်ပြိုင်နက်တည်း ပြောင်းလဲစေသော အခွန်နှုန်းတိုးခြင်းများကြောင့် အမေရိကန်၏ တရားဝင်အခွန်နှုန်းသည် ၃% အောက်မှ ၁၃% နှင့် ၁၅% ခန့်အထိ မြင့်တက်လာခဲ့သည်။ ယင်းသည် နှစ်တစ်ရာအတွင်းတွေ့ရသည့် အမြင့်ဆုံးအခွန်နှုန်းဖြစ်ပြီး တရုတ်နှင့် အခြားနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုများကိုလည်း ဖြစ်စေခဲ့သည်။

ကမ္ဘာ့ဘဏ်သည် နိုင်ငံရေးပြိုင်ဆိုင်မှု တင်းမာခြင်းများကြောင့်

စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို လျှော့ချခြင်းဖြစ်သော်လည်း စီးပွားရေး ကျရှုံးမှု (recession) တစ်ခုဖြစ်လာနိုင်ကြောင်းကို မခန့်မှန်းခဲ့ပေ။



၂၀၂၇ ခုနှစ်အထိ ခန့်မှန်းထားသည့် ကမ္ဘာ့စုစုပေါင်း GDP တိုးတက်မှုနှုန်းသည် တစ်နှစ်လျှင် ပျမ်းမျှ ၂.၅% ဖြစ်ပြီး ယင်းသည် ၁၉၆၀ ခုနှစ်များမှစ၍ ယခုအချိန်အထိ တွေ့ရ သော အနိမ့်ဆုံးနှုန်းဖြစ်သည်။

ကမ္ဘာ့ဘဏ်က ခန့်မှန်းချက်များကို လျှော့ချရခြင်း အကြောင်းအရင်းများမှာ ကုန်သွယ်ရေးနှင့် အခွန်တိုးမြင့်မှုများခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးယုံကြည်မှု ထိခိုက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုလျော့နည်းခြင်း၊ ငွေပေါင်ဖိအားနှင့် သုံးစွဲသူ ဈေးနှုန်းမြင့်တက်မှုများကြောင့် ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

အဆိုပါဖြစ်ရပ်များအပေါ် ကမ္ဘာ့ဘဏ်က ကုန်သွယ်ရေးအတားအဆီးများ လျှော့ချရေး၊ဘဏ္ဍာရေးဆိုင်ရာတိကျမှုများဆောင်ရွက်ရေးနှင့် အလုပ်အကိုင် ဖန်တီးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုတိုးမြှင့်ရေး၊ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးတို့ကို ဦးစားပေးသင့်ကြောင်း အကြံပြုချက်များ ပြောကြားခဲ့သည်။

ဤသတင်းအရ သက်ဆိုင်ရာအာဏာပိုင်များ၊ မဟာဗျူဟာရေးဆွဲသူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကမ္ဘာ့စီးပွားရေးအခြေအနေ အသစ်အရ ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်လာမည်ဖြစ်သည်။ ထိုသို့ ပြင်ဆင်မှုများသည် တာဝန်ယူမှုရှိသော စီးပွားရေးစီမံခန့်ခွဲမှုများဖြင့်သာ မျှတသောဖွံ့ဖြိုးမှုကို ရရှိနိုင်စေရန် အရေးကြီးသည်။


နောက်လာမည့်အချိန်များတွင် တည်ငြိမ်သော စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံအသီးသီးမှ ချမှတ်မည့်မူဝါဒများ၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်မှုများနှင့် နည်းပညာပိုင်းအထောက်အပံ့များသည် အဓိကအခန်း ကဏ္ဍာထမ်းဆောင်သွားရမည်ဖြစ်သည်။

Source: https://www.reuters.com/world/china/world-bank-slashes-global-growth-forecast-trade-tensions-bite-2025-06-10/

ဒေါ်ဇူလီလီဝင်း
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ အောင်မြင်မှုတွင် အရေးပါသော ဖြစ်နိုင်ချေရှိသည့် အန္တရာယ်များ ဆန်းစစ်ခြင်း

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် အန္တရာယ် ဆန်းစစ်ခြင်းသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး အတွက် အရေးပါသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများ (Investment Promotion Agencies - IPAs) သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အန္တရာယ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ပါက စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် မရေရာမှုများ ပါဝင်တတ်သောကြောင့် ဖြစ်နိုင်ချေရှိသည့် အန္တရာယ် ဆန်းစစ်ခြင်းသည် စီမံကိန်းအောင်မြင်မှုကို ထိခိုက်စေနိုင်သည့် အကြောင်းရင်းများကို နားလည်ရန်နှင့် လျှော့ချရန် စနစ်တကျချဉ်းကပ်မှုတစ်ခုကို ပေးစွမ်းနိုင်ပါသည်။ ထိုစနစ်တွင် အန္တရာယ်များကို ကြိုတင်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းခြင်း တို့ပါဝင်ပါသည်။




ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် အောက်ဖော်ပြပါ ဖြစ်နိုင်ချေရှိသည့် အန္တရာယ်အမျိုးအစားများကို ရင်ဆိုင်ရနိုင်ပါသည်-

(က) **ဈေးကွက်ဆိုင်ရာအန္တရာယ်များ (Market Risks)**
ဈေးကွက်ပြောင်းလဲမှုများ
ဈေးနှုန်းပြောင်းလဲမှုများ



(ခ) **ငွေကြေးဆိုင်ရာအန္တရာယ်များ (Financial Risks)**
ငွေကြေးဖောင်းပွမှုများ
အတိုးနှုန်းပြောင်းလဲမှုများ

(ဂ) **လုပ်ငန်းလည်ပတ်မှုဆိုင်ရာအန္တရာယ်များ (Operational Risks)**
နည်းပညာအခက်အခဲများ
လုပ်သားအင်အားပြဿနာများ
ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများ



(ဃ) **ဥပဒေနှင့်စည်းမျဉ်းဆိုင်ရာအန္တရာယ်များ (Regulatory Risks)**

ဥပဒေဆိုင်ရာပြောင်းလဲမှုများ

အခွန်ဆိုင်ရာပြောင်းလဲမှုများ

( င ) **နိုင်ငံရေးဆိုင်ရာအန္တရာယ်များ (Political Risks)**

နိုင်ငံရေးမတည်ငြိမ်မှုများ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်များစီမံခန့်ခွဲမှုသည် ခေတ်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ထိုကဲ့သို့သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ကြုံတွေ့နိုင်သော ဈေးကွက်ဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ဥပဒေနှင့်စည်းမျဉ်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအန္တရာယ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးအတွက် အကျိုးရှိသော စီမံကိန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပထမဦးဆုံးအနေဖြင့် အန္တရာယ် စီမံခန့်ခွဲမှုစနစ်များ ပိုမိုကောင်းမွန်လာစေရန် လိုအပ်ပါသည်။ ထို့အပြင် လည်း အနာဂတ်တွင် ဒစ်ဂျစ်တယ်နည်းပညာများ (AI, Big Data) ကို အသုံးပြု၍ အန္တရာယ်ဆန်းစစ်ခြင်းစနစ်များ ပိုမိုတိုးတက်လာစေရေးနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးရေးသားလိုက်ရပါသည်။

Source: https://www.linkedin.com/pulse/risk-analysis-investment-project-marcin-majka-j54rf

ဒေါ်ခင်သီတာဇင်

ဦးစီးအရာရှိ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## တရုတ်နိုင်ငံသည် ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒ (zero-tariff policy) ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် ၎င်းနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများ (Least Developed Countries –LDCs) အတွက် ကျင့်သုံးမည့် ကုန်စည် ၉၈ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိ လွှမ်းခြုံထားသော အကောက်ခွန် ကင်းလွတ်ခွင့် မူဝါဒအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO-World Trade Organization) အား အသိပေးအကြောင်းကြားခဲ့ပါသည်။




၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် စတင် အသက်ဝင်ခဲ့သော မူဝါဒသစ်သည် LDC များနှင့် အာဖရိကနိုင်ငံများအတွက် ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဂျီနီဗာမြို့တွင် ပြုလုပ်ခဲ့သည့် WTO အစည်းအဝေးတွင် တရုတ်ကိုယ်စားလှယ် အဖွဲ့က ပြောကြားခဲ့ပါသည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့် အာဖရိကနိုင်ငံ ၅၃ နိုင်ငံအတွက် အကောက်ခွန်နှုန်း သုည အထိ စည်းကြပ်မှုကို ရာနှုန်းပြည့်တိုးမြှင့်ရန် တရုတ်နိုင်ငံမှ အဆင်သင့်ရှိနေကြောင်း မကြာသေးမီက တရုတ်-အာဖရိက ကြေညာချက်တစ်ခုတွင် WTO အဖွဲ့ဝင်နိုင်ငံများအား ရှင်းလင်းတင်ပြထားပါသည်။

အဆိုပါ အကောက်ခွန်သုည အစီအစဉ်အပြင် တရုတ်နိုင်ငံသည် ကုန်စည်ကုန်သွယ်ရေးကို မြှင့်တင်ရန်နှင့် အာဖရိကတိုက်ရှိ LDC နိုင်ငံများအတွက် ကျွမ်းကျင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို အားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုထားပါသည်။

တရုတ်ကိုယ်စားလှယ် အဖွဲ့၏ အဆိုအရ အဆိုပါ ဆောင်ရွက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတည်ငြိမ်ရေးနှင့် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် အာဖရိကနိုင်ငံများနှင့် LDC နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းသစ်များ အရှိန်အဟုန် မြှင့်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်နေစဉ် တရုတ်နိုင်ငံအနေဖြင့် WTO အဖွဲ့ဝင်နိုင်ငံများအား လွတ်လပ်ပွင့်လင်းသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်မှုစနစ်ကို ပူးပေါင်း၍ ထိန်းသိမ်းရန်နှင့် အားလုံးပါဝင်ပြီးအကျိုးရှိသောကမ္ဘာလုံးဆိုင်ရာစနစ်ကိုမြှင့်တင်သွားရန်တောင်းဆိုထားပါသည်။

တရုတ်နိုင်ငံ၏ အဆိုပါဆောင်ရွက်ချက်များကို WTO အဖွဲ့ဝင်နိုင်ငံများက လှိုက်လှဲစွာ ကြိုဆိုခဲ့ပြီး LDC နိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အခြားသော နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကြုံတွေ့လျက်ရှိသော စိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများကို အလေးထားဖော်ပြလျက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ကြပါသည်။

အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာလုံးဆိုင်ရာ

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် LDC နိုင်ငံများအား အလေးပေးထားသည့် ဦးစားပေးမူဝါဒများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အကူအညီနှင့် အခြား ပံ့ပိုးကူညီမှုများဆောင်ရွက်လျက်ရှိသည့် တရုတ်နိုင်ငံ၏ စံနမူနာကိုလိုက်နာရန် အဖွဲ့ဝင်နိုင်ငံများအား ထပ်မံတိုက်တွန်းခဲ့ပါသည်။

Source:https://english.news.cn/20250619/b7260831969442d5bbea22c8ca 906ecb/c.html

ဒေါ်ဟေမာန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးတင်းမာမှု လျော့ကျခြင်းကြောင့် စတော့ဈေးကွက်မြင့်တက်လာပြီး အမေရိကန် ငွေကြေးဖောင်းပွမှု လျော့နည်းလာ

အမေရိကန်၏ ငွေကြေးဖောင်းပွမှု အချက်အလက်နှင့် ကုန်သွယ်ရေးတင်းမာမှုများကို လျှော့ချရန် ရည်ရွယ်သည့် အမေရိကန်-တရုတ် သဘောတူညီချက်များကို ရင်းနှီးမြှုပ်နှံသူများက ကြိုဆိုခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်(ဗုဒ္ဓဟူးနေ့) တွင် စတော့ဈေးကွက်များ အနည်းငယ် မြင့်တက်လာခဲ့ပါသည်။ လန်ဒန်တွင် အမေရိကန်နှင့် တရုတ် စေ့စပ်ညှိနှိုင်းသူများအကြား နှစ်ရက်ကြာ ဆွေးနွေးပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်မှ တရုတ်နှင့် အမေရိကန်တို့ကြား သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြီးခဲ့သောလတွင် ဂျီနီဗာ၌ ဆွေးနွေးပွဲများအပြီး အမေရိကန်နှင့် တရုတ်တို့သည် အပြန်အလှန် အခွန်စည်းကြပ် မှုများကို လျှော့ချခဲ့ကြသော်လည်း ဆွစ်ဇာလန်တွင် ချုပ်ဆို ထားသည့် သဘောတူညီချက်ကို တရုတ်နိုင်ငံမှ ချိုးဖောက်သည်ဟု ထရန့်က စွပ်စွဲခဲ့ပြီးနောက်ပိုင်းတွင် တင်းမာမှုများ ပြန်လည်မြင့်တက်လာခဲ့ပါသည်။

အမေရိကန်နှင့် တရုတ်တို့အကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများသည် ဈေးကွက်ကို ပိုမိုခိုင်မာစေခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ အဆိုးရွားဆုံး အခြေအနေကိစ္စရပ်များကို ဖြတ်ကျော်နိုင်မည်ဟု မျှော်လင့်ပါကြောင်း Interactive Investor မှ ဈေးကွက်အကြီးအကဲ Richard Hunter က ပြောကြားခဲ့ပါသည်။



ဆွေးနွေးပွဲတွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များ အပြင် တရုတ်နိုင်ငံမှ စမတ်ဖုန်းများနှင့် လျှပ်စစ်ကားများတွင် အသုံးပြုသည့် မြေရှားသတ္တုများ တင်ပို့သည့်ကိစ္စကို အဓိက ထား ဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ၎င်း၏ နည်းပညာဆိုင်ရာ ကုန်ပစ္စည်းများဝင်ရောက်ခွင့်အပေါ် ကန့်သတ်ချက်များကို ဖြေလျှော့ရန် စိတ်အားထက်သန်နေခဲ့ပါသည်။

ဆွေးနွေးပွဲအပြီးတွင် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များနှင့် သံလိုက်များကို တရုတ်နိုင်ငံမှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်း၏ Truth Social platform တွင် ထရန့်မှ ပြောကြားခဲ့ပါသည်။ ထို့ပြင် တရုတ်ကျောင်းသားများကို အမေရိကန်တက္ကသိုလ်များတွင် ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့ပါသည်။ အမေရိကန်တက္ကသိုလ်များ၏ အဓိကငွေအရင်းမြစ်ဖြစ်သည့် တရုတ်ကျောင်းသားများကို ဗီဇာဖျက်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ကတိပြုပြီးနောက် ယခုကဲ့သို့ ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

ကုန်သွယ်ရေးဆွေးနွေးပွဲသည် တိုးတက်မှုအသစ်များ ရရှိခဲ့သည်ဟု တရုတ်က ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးချုပ် He Lifeng က ပေကျင်းနှင့် ဝါရှင်တန်တို့ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်လိုအပ်ကြောင်း အလေးပေးပြောကြား ခဲ့ပါသည်။

အခွန်စည်းကြပ်မှုကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းသည် အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းလျှော့ချခြင်းအား အဟန့်အတား ဖြစ်စေမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်နေကြပါသည်။

S o u r c e :https://www.channelnewsasia.com/business/stocks-us-china-trade-talks-rare-earths-london-5174611

ဒေါ်ဟေမာန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ၂၀၂၀ ပြည့်နှစ်များသည် ၁၉၆၀ ပြည့်နှစ်များနှင့်နှိုင်းယှဉ်ပါက ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း အနှေးကွေးဆုံး ဆယ်စုနှစ် ဖြစ်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်း



ကမ္ဘာ့ဘဏ်က ခန့်မှန်းချက် ထုတ်ပြန်ခဲ့ရာတွင် ဒေါ်နယ်ထရမ့်၏ အကောက်ခွန် တိုးမြှင့်ကောက်ခံမှုများကြောင့် ကမ္ဘာ့စီးပွားရေးသည် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်း အနှေးကွေးဆုံး ဆယ်စုနှစ်ဖြစ်လာမည်ဟု ဖော်ပြထားပါသည်။ လွန်ခဲ့သည့် ခြောက်လအတွင်း ခန့်မှန်းချက်များအရ ကမ္ဘာ့နိုင်ငံ သုံးပုံနှစ်ပုံနီးပါး ၏ စီးပွားရေးတိုးတက်မှုသည် ခန့်မှန်းချက်များထက်လျော့နည်းခဲ့ပါသည်။

အဆိုပါခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းသည် ၂.၃% သာ ရှိမည်ဖြစ်ပြီး၊ ဇန်နဝါရီလက ခန့်မှန်းထားသောနှုန်းထက် ၀.၄% လျော့နည်းခဲ့သည်။ ၂၀၂၇ ခုနှစ် အတွက်မူ ၂.၆ % တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဂျပန်၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့သည် စီးပွားရေး တိုးတက်မှုခန့်မှန်းချက် လျှော့ချခံရသော နိုင်ငံများတွင်ပါဝင်ခဲ့ပြီး အဆိုပါ ခန့်မှန်းချက်များသည် ဒေါ်နယ်ထရမ့်၏သမ္မတသက်တမ်းမစမီကပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်နယ်ထရမ့် တာဝန်ယူပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသော ကုန်ပစ္စည်း အားလုံးအပေါ် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၁၀ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည့်အပြင် သံမဏိနှင့် အလူမီနီယမ်အပေါ် ပိုမိုမြင့်မားသော အခွန်များ ချမှတ်ခဲ့ခြင်းကြောင့် ဧပြီလ အစောပိုင်းတွင် ငွေကြေးဈေးကွက်များ ထိုးကျသွားခဲ့ပါသည်။

ကမ္ဘာ့ဘဏ်သည် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချခဲ့ပါသည်။ ထိုသို့လျှော့ချရခြင်းမှာ ကုန်သွယ်ရေး တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုကျဆင်းစေခြင်းနှင့် ပုဂ္ဂလိကသုံးစွဲမှုအပေါ် သက်ရောက်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်။

သို့သော်၊ ကမ္ဘာ့ဘဏ်က အမေရိကန် ပြည်ထောင်စု၏ အဓိက ပြိုင်ဘက်ဖြစ်သော တရုတ်နိုင်ငံကိုမူ စီးပွားရေး တိုးတက်မှုအဆင့် မလျှော့ချခဲ့ပေ။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး မတည်ငြိမ်မှုများမှ ဖြစ်ပေါ်လာမည့် **"သိသာထင်ရှားသော စိန်ခေါ်မှုများ"** ကို ရင်ဆိုင်ကျော်လွှားနိုင်လောက်သည့် ဘဏ္ဍာရေးတည်ငြိမ်မှုသည်

တရုတ်နိုင်ငံတွင် ရှိနေသည်ဟု ကမ္ဘာ့ဘဏ်က ပြောကြားခဲ့ပါသည်။

**“မူဝါဒဆိုင်ရာ မရေရာမှုများ မြင့်တက်လာခြင်းနှင့် ကုန်သွယ်ရေး အတားအဆီးများ တင်းကြပ်ခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေသည် စိန်ခေါ်မှုများဖြင့် ပိုမိုရင်ဆိုင်ရလျက်ရှိသည်”** ဟု အဆိုပါ အစီရင်ခံစာက ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံများ၏ ကုန်သွယ်မှုကန့်သတ်သည့် ဆောင်ရွက်ချက်များတွင် **“ပြောင်းလဲမှုများ ပိုမိုကြုံတွေ့နိုင်ခြေရှိသောကြောင့် မူဝါဒဆိုင်ရာမရေရာမှု”** များ ဖြစ်ပေါ်လာနိုင်ကြောင်းလည်း ထပ်လောင်းပြောကြားခဲ့ပါသည်။ ကမ္ဘာ့ဘဏ်က အကယ်၍ အမေရိကန်ပြည်ထောင်စုက အကောက်ခွန်များ ထပ်မံတိုးမြှင့်ပါက စီးပွားရေးတိုးတက်မှုနှုန်း ထပ်မံကျဆင်းလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ငွေကြေးဖောင်းပွမှု မြင့်တက်လာနိုင်သည်ဟု သတိပေးခဲ့ပါသည်။





အစီရင်ခံစာတွင် အကောက်ခွန်များကြောင့် **“ယခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုများ ရပ်တန့်သွားနိုင်ပြီး ယုံကြည်မှုများ သိသာစွာကျဆင်းခြင်း၊ မရေရာမှုများ မြင့်တက်လာခြင်းနှင့် ငွေကြေးဈေးကွက်များတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း”** ဖော်ပြထားပါသည်။ သို့သော် ကမ္ဘာ့စီးပွားရေးကိုမူ ကြိုတင်ခန့်မှန်းခြင်း မပြုခဲ့သော်လည်း၊ ဖြစ်နိုင်ခြေမှာ ၁၀% အောက်သာ ကျဆင်းနိုင်ခြေရှိသည်ဟု ပြောကြားခဲ့ပါသည်။

အဆိုပါ အစီရင်ခံစာသည် OECD (စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) ၏ ကမ္ဘာ့စီးပွားရေး သုံးသပ်ချက်ကို လျှော့ချပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ယခင်က ၃.၁% တိုးတက်မည်ဟု ခန့်မှန်းခဲ့ရာမှ ယခုအခါ ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းသည် **“အသင့်အတင့်”** ၂.၉% သို့ နှေးကွေးသွားမည်ဟု ခန့်မှန်းထားကြောင်း OECD က ပြောကြားခဲ့ပါသည်။

တစ်ဖန် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲကိုဖြေရှင်းရန် ရည်ရွယ်သည့် ကုန်သွယ်ရေးဆွေးနွေးပွဲအသစ်တစ်ရပ်ကို လန်ဒန်တွင် ပြုလုပ်ခဲ့ပါသည်။

Source: https://www.bbc.com/news/articles/cg4v9nr23r7o

ဦးနိုင်မင်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာဌာနနှင့် ငွေစာရင်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အမေရိကန်နိုင်ငံက အီရန်နျူကလီးယားစက်ရုံများကို တိုက်ခိုက်ပြီးနောက် ငါးလအတွင်း ရေနံဈေးနှုန်း အမြင့်ဆုံးသို့ရောက်ရှိ

ယခုသတင်းပတ်တွင် အမေရိကန်နိုင်ငံသည် အစ္စရေးနှင့်ပူးပေါင်း၍ အီရန်၏ နျူကလီးယားစက်ရုံများကို တိုက်ခိုက်မှုကြောင့် ရေနံထောက်ပံ့ရေး ကိစ္စနှင့်စပ်လျဉ်းပြီး စိုးရိမ်မှုများ မြင့်တက်လာပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း ရေနံဈေးနှုန်းမြင့်တက်မှုမှာ အမြင့်ဆုံးအထိ ဖြစ်လာခဲ့ပါသည်။



ဂရင်းနစ်စံတော်ချိန် (GMT) ၀၁၁၇ နာရီတွင် Brent ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင်အမေရိကန် ဒေါ်လာ ၁.၉၂ (သို့မဟုတ်) ၂.၄၉ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၇၈.၉၃ ထိရှိလာခဲ့ပါသည်။ အမေရိကန်နိုင်ငံ၏ (WTI) ရေနံဈေးကွက်တွင်လည်း တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁.၈၉ (သို့မဟုတ်) ၂.၅၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၅.၇၃ သို့ ရောက်ရှိခဲ့ပါသည်။

အဆိုပါ ဈေးကွက်နှစ်ခုလုံးအတွက် ရေနံဈေးနှုန်းစာချုပ် ၂ ခုသည် ဈေးကွက်ဖွင့်ချိန်တွင် ၃ ရာခိုင်နှုန်း ကျော် မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၁.၄၀ နှင့် အမေရိကန်ဒေါ်လာ ၇၈.၄၀ သို့ အသီးသီးရောက်ရှိခဲ့ကာ အမြတ်အစွန်း အနည်းငယ် မလျော့ကျမီ ၅ လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အစ္စရေးစစ်ဆင်ရေးနှင့်အတူ ပူးပေါင်းကာ အီရန်၏ အဓိက နျူကလီးယားစက်ရုံ နေရာများကို ချေမှုန်းပစ်မည်ဟုပြောကြားပြီး အီရန်နိုင်ငံကလည်း မိမိကိုယ်ကို ခုခံကာကွယ်မည်ဟုပြောကြားခဲ့ကာ အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခများ တိုးမြင့်လာခဲ့ပြီးနောက်ပိုင်း ရေနံဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

အီရန်သည် ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (Organization of the Petroleum Exporting Countries– OPEC) ၏ တတိယအကြီးဆုံး ရေနံစိမ်း ထုတ်လုပ်သည့်နိုင်ငံဖြစ်ပါသည်။ အီရန်နိုင်ငံအနေဖြင့် ကမ္ဘာ့ရေနံစိမ်းရောင်းလိုအား၏ ငါးပုံတစ်ပုံခန့် စီးဆင်းနေသည့် ဟော်မုဇ် ရေလက်ကြားကို ပိတ်ပစ်ခြင်းအားဖြင့် လက်တုံ့ပြန်နိုင်သောကြောင့် ရေနံဈေးနှုန်း တက်လာနိုင်ကြောင်း ရေနံဈေးကွက်တွင် ပါဝင်နေသူများက မျှော်မှန်းထားကြပါသည်။

အဆိုပါ ရေလက်ကြားကိုပိတ်ရန် အီရန်ပါလီမန်က အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း အီရန်သတင်းဌာနက ဖော်ပြထားပါသည်။ အီရန်နိုင်ငံသည် ယင်း ရေလက်ကြားကို ပိတ်ပစ်မည်ဟု ယခင်ကခြိမ်းခြောက်ခဲ့ဖူးသော်လည်း ပိတ်ခဲ့ခြင်း မရှိခဲ့ပါ။

**"ရေနံတင်ပို့ထုတ်လုပ်မှုပုံစံ ပျက်စီးခြင်းက အကြီးမားဆုံး ဆုံးရှုံးမှု ဖြစ်လာနိုင်သည်"** ဟု Sparta Commodities မှ လေ့လာသူအရာရှိ June Goh ပြောကြားထားပါသည်။

ဒေသတွင်းတွင် အစားထိုးပိုက်လိုင်း လမ်းကြောင်းများ ရှိနေသော်လည်း ဟော်မုဇ်ရေလက်ကြားကို မဝင်ရောက်နိုင်ပါက ရေနံစိမ်းပမာဏ အပြည့်အဝ တင်ပို့နိုင်ခြင်းမရှိကြောင်းနှင့် ရေနံတင်သင်္ဘောများအနေဖြင့် အဆိုပါဒေသကို ရှောင်ကွင်းသွားလာမှုများပြားလာမည်ဖြစ်ကြောင်း June Goh က ဆက်လက် ပြောကြားခဲ့ပါသည်။

Goldman Sachs ဘဏ်က ၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အရေးပါသော ရေနံတင်ပို့မှုလမ်းကြောင်းတွင် တစ်လအတွင်း ရေနံဖြတ်သန်းစီးဆင်းမှု တစ်ဝက်ခန့် လျော့ကျသွားပါက လာမည့် ၁၁ လတာကာလအတွင်း စီးဆင်းမှုသည် ၁၀ ရာခိုင်နှုန်း လျော့နည်းနိုင်ပြီး ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၀ အထိ မြင့်တက်နိုင်ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် တည်တံ့ပြီး ကြီးမားသော ထောက်ပံ့မှု အနှောက်အယှက်များကို ကာကွယ်တားဆီးရန် ကြိုးပမ်းနေခြင်းကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထောက်ပံ့မှုတွင် ကြီးမားသည့် အဟန့်အတားမဖြစ်နိုင်ကြောင်း Goldman Sachs ဘဏ်က ခန့်မှန်းထားပါသည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁၃ ရက် ပဋိပက္ခ စတင်သည့်အချိန်တွင် Brent ရေနံစိမ်းဈေးနှုန်းသည် ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး WTI ဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းဝန်းကျင်အထိ မြင့်တက်ခဲ့ပါသည်။

ရေနံထောက်ပံ့မှုတွင် ထင်ရှားသော အဟန့်အတားမရှိခဲ့ပါက လက်ရှိပထဝီနိုင်ငံရေးအခြေအနေအရ မြင့်တက်နေသောဈေးနှုန်းသည် ကြာရှည်စွာမဖြစ်ပေါ်နိုင်ကြောင်း လေ့လာဆန်းစစ်သူများက ပြောကြားခဲ့ပါသည်။

ယခုကာလ အတောအတွင်း ရေနံဈေးနှုန်းမြင့်တက်လာရန် ရည်မှန်းပြီး ဝယ်ယူသိုလှောင်ထားသည့် ရေနံများကို ပြန်လည်ရောင်းချခြင်းအားဖြင့် ရေနံဈေးနှုန်း မြင့်တက်ခြင်းကို ထိန်းထားနိုင်ကြောင်း Saxo Bank မှ ကုန်သွယ်မှုမဟာဗျူဟာမန်နေဂျာ Ole Hansen က ၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်က ဈေးကွက်သတင်းတွင် ရေးသားထားပါသည်။

S o u r c e :https://www.reuters.com/business/energy/oil-hits-five-month-high-after-us-hits-key-iranian-nuclear-sites-2025-06-23/

ဒေါ်ခိုင်သဇင်
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ကုန်သွယ်ရေးစစ်ပွဲ မငြိမ်သက်မှုများကြောင့် တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းများ၌ နှေးကွေးမှုများ ဖြစ်ပေါ်နေသော်လည်း တရုတ်နိုင်ငံ၏ လက်လီရောင်းချမှုများ မြင့်တက်လျက်ရှိ

တရုတ်နိုင်ငံ၏ စက်မှုအထွက်နှုန်းသည် မေလတွင် ကျဆင်းခဲ့သော်လည်း စားသုံးသူအသုံးစရိတ်များတိုးတက်လာခဲ့ကြောင်းတရားဝင် အချက်အလက်များအရ သိရှိရသည်။ ဤအချက်သည် အမေရိကန်နှင့် ကုန်သွယ်ရေး စစ်ပွဲဖြစ်နေသည့် ကမ္ဘာ့ဒုတိယ အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအတွက် မသေချာ မရေရာမှုများကို မီးမောင်း ထိုးပြနေခြင်းဖြစ်သည်။ တရုတ်



အမျိုးသား စာရင်းအင်းဌာန၏ တနင်္လာနေ့တွင် ပြောကြားချက်အရ ပြီးခဲ့သည့် လအတွင်း တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းထုတ်လုပ်မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မေလတွင် ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခုနှစ်၏ စက်မှုတိုးတက်မှု အနှေးဆုံးကာလဖြစ်ခဲ့သည့် ဧပြီလတွင် ၆.၁ ရာခိုင်နှုန်းရှိခဲ့သဖြင့် စက်မှုအထွက်နှုန်းများလျော့ကျသွားခြင်းဖြစ်သည်။ လက်လီရောင်းချမှု(retail sales)သည် သုံးသပ်သူများ၏ ခန့်မှန်းချက်ကို ကျော်လွန်၍ ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ တိုးတက်မှုနှုန်း အမြန်ဆုံးဖြစ်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နှစ်ပေါင်းများစွာကတည်းက စားသုံးသူဝယ်လိုအားကို မြှင့်တင်ရန် ရုန်းကန်နေရပြီး ယခုအခါတွင် နိုင်ငံ၏စီးပွားရေးသည်ငွေကြေးဖောင်းပွမှုကျဆင်းခြင်း (deflation) နှင့် အိမ်ခြံမြေဈေးကွက် အားနည်းခြင်း (property sector slowdown) တို့နှင့် ရင်ဆိုင်နေရသည်မှာ လေးနှစ်နီးပါးခန့် ကြာမြင့်လာပြီဖြစ်သဖြင့် စားသုံးသူဝယ်လိုအားကို မြှင့်တင်ခြင်းသည် သမ္မတရှီကျင့်ဖျင်အစိုးရ၏ နိုင်ငံအတွက် အဓိကဦးစားပေး လုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့သည်။ အမေရိကန်နှင့် ကုန်သွယ်ရေး စစ်ပွဲဖြစ်ပွားမှုသည် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ်တွင် ဖိအားများ တိုးပွားလာစေသည်။ မကြာသေးမီနှစ်များအတွင်း စားသုံးသူအသုံးစရိတ် လျော့နည်းခြင်းကြောင့် တိုးတက်မှုတွင် အရေးပါသောအရင်းအမြစ်တစ်ခုဖြစ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ဧပြီလနှင့် မေလတွင် ကျဆင်းခဲ့သည်။ အမေရိကန်သို့ ထုတ်ကုန်တင်ပို့မှုသည် ပြီးခဲ့သည့်လ၌ ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ခဲ့သည့် အချိန်မှစတင်၍ အကြီးမားဆုံး ကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်အပတ်တွင် အမေရိကန်နှင့် တရုတ်တို့သည် ၎င်းတို့၏ ကုန်သွယ်ရေးစစ်ပွဲကို ရပ်တန့်ရန်နှင့် ၁၄၅ ရာခိုင်နှုန်းကောက်ခံခဲ့သည့် အခွန်နှုန်းထားများအပေါ်လျှော့ချရန် သဘောတူညီချက်တစ်ခုကို လန်ဒန်မြို့၌ ရယူခဲ့ကြသည်။ သို့သော် ထပ်တိုးအခွန်များနှင့် အင်အားကြီးနိုင်ငံနှစ်ခု အကြား ပိုမိုကြီးမားလာသော တင်းမာမှုများက ကမ္ဘာ့စီးပွားရေး အလားအလာများအပေါ် မရေရာမှုများကို ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်နိုင်ငံ Capital Economics မှ တရုတ် စီးပွားရေး ပညာရှင် Mr. Zichun Huang က လက်လီရောင်းအားတိုးတက်မှုသည် တရုတ်နိုင်ငံ၏ စီးပွားရေးတွင် **"တောက်ပသော အစက်အပြောက်"** တစ်ခုဖြစ်သော်လည်း မကြာသေးမီက ရယူခဲ့သော ကုန်သွယ်ရေးစစ်ပွဲ ယာယီရပ်စဲရေးသည် **"ပြီးခဲ့သည့်လတွင် ဖြစ်ပွားခဲ့သော စီးပွားရေးတိုးတက်မှုအရှိန်ကို တားဆီးကာကွယ်နိုင်ခြင်း မရှိကြောင်း"** ပြောကြားခဲ့သည်။ စက်မှုထွက်ကုန်များ နှေးကွေးလာခြင်းသည် **"ပြင်ပဝယ်လိုအားနည်းခြင်း"** ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တရုတ်စီးပွားရေး ပညာရှင်က ထပ်လောင်းပြောကြားထားသည်။ တရုတ် အိမ်ခြံမြေ လုပ်ငန်းရှင်များအကြား ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်စေခြင်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် ဖိအားများ ဆက်လက်ဖြစ်ပေါ်နေကြောင်း တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သော အိမ်ခြံမြေအချက်အလက်များအရ သိရသည်။



တရုတ်နိုင်ငံ၏ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း၁၀.၇ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့ ၇၀ ရှိ နေအိမ်များ ဈေးနှုန်းသည် တစ်နှစ် ချင်းနှိုင်းယှဉ်ကြည့်လျှင်၄.၁ ရာခိုင်နှုန်း ကျဆင်းခဲ့သဖြင့် မေလတွင် ပျမ်းမျှ ၀.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသဖြင့် ဧပြီလသည် တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက် ကျဆင်းမှု အများဆုံးလဖြစ်သည်။

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် အိမ်ခြံမြေကဏ္ဍအတွက် ထောက်ပံ့ရေးအစီအမံများဖြစ်သော အပေါင်ခံချေးငွေ အတိုးနှုန်းထားများ လျှော့ချခြင်း၊ မရောင်းရသေးသော အိမ်ခြံမြေများကို လူမှုဖူလုံရေးအိမ်ရာအဖြစ် အသုံးပြုခြင်းနှင့် ဆောက်လက်စ အိမ်ခြံမြေ စီမံကိန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း အပါအဝင် စသည့် အစီအစဉ်များကို ဆောင်ရွက်နေခြင်းဖြစ်သည်။

အိမ်ခြံမြေဈေးကွက်အခြေအနေသည် ပြည်တွင်းယုံကြည်မှုကို တိုင်းတာ

ရာတွင် အရေးကြီးသော ညွှန်းကိန်းတစ်ခုအဖြစ် ရှုမြင်ကြသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် ထုတ်ပြန်ခဲ့သော အချက်အလက်များအရ မေလတွင် စားသုံးသူ ဈေးနှုန်းများသည် ၀.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ လေးလဆက်တိုက် ကျဆင်းမှု ဖြစ်ပေါ်ခြင်းသည် ပြည်တွင်းဝယ်လိုအားအပေါ် စိုးရိမ်ပူပန်မှုများကို ပိုမို တိုးပွားစေခဲ့သည်။ ဂိုးလ်မန်ဆက်ခ်စ် (Goldman Sachs) စီးပွားရေးအဖွဲ့မှ လေ့လာဆန်းစစ်သူများက တရုတ်နိုင်ငံတွင် ပုံမှန်ထက်စော၍ ကျင်းပခဲ့သော အွန်လိုင်းဈေးရောင်းပွဲတော်ကြောင့် လက်လီရောင်းအား တိုးတက်လာခဲ့ပြီး၊ အဆိုပါ အွန်လိုင်းဈေးပွဲတော်က **"မေလမှဝယ်လိုအား အချို့ကို ဇွန်လသို့ ဆွဲယူသွားခြင်း"** ဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် **"အိမ်ခြံမြေဈေးကွက်၏ ကာလရှည်အားနည်းမှု၊ လုပ်သားဈေးကွက်ဖိစီးမှု မြင့်တက်လာခြင်းနှင့် ပို့ကုန်များ ထုတ်လုပ်မှုမတည်ငြိမ်ခြင်း"** တို့ကြောင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် မူဝါဒထပ်မံ ဖြေလျှော့မှုများ ပြုလုပ်နိုင်ချေရှိသည်ဟုခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ၊ ဟောင်ကောင်ပြည်နယ်ရှိ သတင်းသမားတစ်ဦး၏ ထပ်ဆောင်းသတင်းပေးပို့ချက်အရသိရှိရသည်။

Source:https://www.ft.com/content/398b52dc-c9f8-42d7-817c-dd870098 e3af

ဒေါ်နွယ်နွယ်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် အာဆီယံ စိတ်အားထက်သန်ခြင်းမရှိဟု အိန္ဒိယပြောကြား

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal က အာဆီယံနှင့် ၁၅ နှစ်ကြာချုပ်ဆိုခဲ့သည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (FTA) ကို ပြန်လည်သုံးသပ်ရာတွင် ၂၀၂၂ ခုနှစ်ကတည်းက ဆွေးနွေးညှိနှိုင်းမှုများကို (၉) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သော်လည်း တိုးတက်မှုအနည်းငယ်သာရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ B-team ဖြစ်သည့် အာဆီယံနိုင်ငံအချို့တွင် Goyal ၏ မှတ်ချက်များအပေါ် အငြင်းပွားမှုများဖြစ်ပွားပြီးနောက် ရက်ပိုင်းအကြာတွင် အဆိုပါပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး ပြောကြားချက်ကို အာဆီယံမှ နိုင်ငံ

အချို့က လိုလားခြင်းမရှိဘဲ ဆွေးနွေးမှုများကို ရပ်တန့်ရန် ကြိုးစားနေကြောင်း ကူးသန်း ရောင်းဝယ်ရေးဦးစီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်ညီတစ်ညွတ်တည်းဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယ၏ တိုက်တွန်းမှုကြောင့် အာဆီယံမှ ပြန်လည်သုံးသပ်ရန် သဘောတူခဲ့သော်လည်း ၂ နှစ် ကြာသည့်တိုင် ညှိနှိုင်းမှုများ မစတင်နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသည် အစိုးရထောက်ပံ့သော ကုန်ပစ္စည်းများကိုအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ တစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်သွင်းရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်းအိန္ဒိယအာဏာပိုင်များကပြောကြား ခဲ့ သည်။

ညီညွတ်သောတိုးတက်ရေးမဟာမိတ်အဖွဲ့ (United Progressive Alliance-UPA) အနေဖြင့် အာဆီယံနှင့် ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းမှုများကိုကောင်းမွန်စွာဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံများအကြား ကုန်သွယ်ရေးလိုငွေပြမှု မြင့်တက်လာကြောင်း မိုဒီအစိုး ရက ပြောကြားခဲ့သည်။ အိန္ဒိယသည် ၎င်း၏ အကောက်ခွန် လိုင်း ၇၁ ရာခိုင်နှုန်း ဖြေလျှော့ ပေးခဲ့လည်း အင်ဒိုနီးရှားနိုင်ငံက ကုန်ပစ္စည်းများ၏ ၄၁ ရာခိုင်နှုန်းကိုသာ ခွင့်ပြု ခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့်လည်း အိန္ဒိယနိုင်ငံက ပြင်ဆင်ပေးရန် တောင်းဆိုသည့် နယ်ပယ်များ၌ ကုန်သွယ်မှု၏ သုံးပုံနှစ်ပုံကိုသာ ဖြေလျှော့ပေးခဲ့ကြောင်း အရာရှိများမှ ထောက်ပြခဲ့သည်။



ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal က ယခုအခါ အိန္ဒိယနိုင်ငံသည် တိုးတက်လာသော နိုင်ငံများနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသများထူထောင်ရန် ကြိုးပမ်းမှုသည် ပြိုင်ဆိုင်မှုအစား ပူးပေါင်းဆောင်ရွက်လိုခြင်းဖြစ်ကြောင်း Vanijya Bhawan ၏ သုံးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်း အနားတွင် ပြောကြားခဲ့သည်။

Source – https://timesofindia.indiatimes.com/business/india-business/asean-not-keen-to-review-trade-pact-government/articleshow/122033505.cms

ဒေါ်ဟေမာန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ရုရှားနိုင်ငံက ၂၀၂၅ ခုနှစ်တွင် နိုင်ငံသုံးနိုင်ငံနှင့် ဗီဇာလိုအပ်ချက်ကို ဖျက်သိမ်းရန် စီစဉ်ထား



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အထူးစီမံကိန်းများဌာန ညွှန်ကြားရေးမှူးချုပ် Mr. Nikita Kondratyev က ရုရှားနိုင်ငံသည် နိုင်ငံသုံးနိုင်ငံဖြစ်သည့် မြန်မာ၊ ဂျော်ဒန်နှင့် ဘာရိန်းနိုင်ငံတို့နှင့် ဗီဇာလိုအပ်ချက်ကို ဖျက်သိမ်းရန် စီစဉ်ထားကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် မြန်မာ၊ ဂျော်ဒန်နှင့် ဘာရိန်းနိုင်ငံတို့အား ဗီဇာလိုအပ်ချက် ဖျက်သိမ်းရန် စီစဉ်လျက်ရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် အထူးစီမံကိန်းများဌာန ညွှန်ကြားရေးမှူးချုပ် Mr. Nikita Kondratyev က စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် TASS သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

**"၂၀၂၅ ခုနှစ်မှာ ဒီနိုင်ငံတွေအားလုံး (မြန်မာ၊ ဂျော်ဒန်နဲ့ ဘာရိန်း - TASS မှတ်စု) နဲ့ သဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်လိမ့်မယ်လို့ ဝမ်းမြောက်စွာနဲ့ မျှော်လင့်ပါတယ်"** ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံနှင့် ဗီဇာလိုအပ်မှု ဖျက်သိမ်းရေးဆိုင်ရာ သဘောတူစာချုပ်မူကြမ်းကို အပြီးသတ်ညှိနှိုင်းပြီးဖြစ်ကြောင်း Mr. Nikita Kondratyev က ရှင်းလင်းပြောကြားသည်။ **"မိမိတို့ ဌာနဆိုင်ရာ အဆင့်မှာ အစိုးရရဲ့ ဆုံးဖြတ်ချက်ရှိသလို မြန်မာနိုင်ငံအစိုးရရဲ့ ဆုံးဖြတ်ချက်လည်း ရှိပါတယ်။ ဒါကြောင့် မိမိတို့ခေါင်းဆောင်တွေရဲ့ နောက်လာမယ့်အစည်းအဝေးကို စောင့်ဆိုင်းလျက်ရှိပါတယ်။ အီးအီးအက်ဖ် (EEF) (Eastern Economic Forum – TASS မှတ်စု) မှာ မြန်မာနိုင်ငံနဲ့ သဘောတူစာချုပ် လက်မှတ်ရေးထိုးမယ်လို့ မျှော်လင့်ပါတယ်"** ဟု ၎င်းက ပြောကြားခဲ့သည်။

ဂျော်ဒန်နှင့် ဘာရိန်းနိုင်ငံတို့နှင့် သဘောတူစာချုပ်မူကြမ်းများ ညှိနှိုင်းဆွေးနွေးမှုများမှာလည်း တိုးတက်မှုရှိပါသည်။ ထို့ပြင် ဆော်ဒီအာရေးဗီးယားနှင့် မလေးရှားနိုင်ငံတို့နှင့် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူစာချုပ်များ အပြီးသတ်ညှိနှိုင်းနိုင်ရေးသည်လည်း ရုရှားနိုင်ငံအတွက် အခြေခံကျပြီး အရေးကြီးပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အဆိုပါနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်

လည်ပတ်မှု နှစ်ဆ သို့မဟုတ် သုံးဆအထိ တိုးတက်လာလိမ့်မည် ဟု Mr. Nikita Kondratyev က Kondratyev က ထပ်လောင်းပြောကြားခဲ့သည်။

စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်ကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၈ ရက်မှ ၂၁ ရက်နေ့ အထိကျင်းပခဲ့ပြီး ယခုနှစ်ဖိုရမ်၏ အဓိကဆောင်ပုဒ်မှာ **"ဗဟုဝင်ရိုးကမ္ဘာတိုးတက်ရန် အခြေခံအချက်များနှင့် ဘုံတန်ဖိုးများ"** ဖြစ်ပါသည်။ ဖိုရမ်ကြီးမှူးကျင်းပသည့်အဖွဲ့မှာ ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်းဖြစ်ပြီး သတင်းအချက်အလက်မိတ်ဖက်မှာ TASS သတင်းဌာန ဖြစ်ပါသည်။

Source : စိန့်ပီတာစဘတ်၊ ဇွန်လ ၂၃ ရက်နေ့၊ TASS သတင်းဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm